သဃ်နိုးကျွန်းပြည်သူ့ဆေးရုံကြီး (၆)ထပ် ဆေးကုသဆောင်သစ် ဖွင့်ပွဲနှင့် လှူဒါန်းပွဲအခမ်းအနားအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်

(အချက်အလက်များသိရှိရန် မိန့်ခွန်းကောက်နုတ်ချက် မူကြမ်း)

သဃ်နိုးကျွန်းပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်။ (၁၆-၃-၂၀၁၉)

- သဃ်နိုးကျွန်းပြည်သူ့ဆေးရုံကြီးသည် လူနေထူထပ်ပြီး အချက်အချာကျသော နေရာတွင်ရှိသည့်အပြင် ပဲခူး၊ ဧရာဝတီ၊ မကွေး၊ မွန်၊ ရခိုင်ပြည်နယ် အစရှိသည့် ပြည်နယ်/တိုင်းဒေသကြီးများမှ လူနာများ လာရောက်ဆေးကုသမှု ခံယူကြပြီး ပြည်သူများ အားကိုးအားထားပြုကြသဖြင့် ယခုလို (၆)ထပ် ဆေးကုသဆောင် ထပ်မံတိုးချဲ့ဖွင့်လှစ်ခြင်းသည် ပြည်သူများအတွက် အလွန်အကျိုးရှိပါကြောင်း၊ (၆)ထပ်ဆောင်သစ်ကြီးကို ဘဏ္ဍာငွေကျပ်သန်းပေါင်း (၃,၂၈၈) သန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊
- ယခုကဲ့သို့ ဆေးကုသဆောင်သစ်ကြီး ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်သူများအနေဖြင့် ပိုမိုကျယ်ဝန်းသန့်ရှင်းသပ်ရပ်သည့် အဆောင်သစ်ကြီးတွင် သက်တောင့်သက်သာဖြင့် ဆေးကုသမှုခံယူနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့်လည်း ကျယ်ဝန်းသော ကုသဆောင်တွင် လုပ်ငန်းဆောင်ရွက်ရသဖြင့် ပိုမိုအဆင်ပြေချောမွေ့ခြင်း စသည်တို့အပြင် များစွာသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊
- ဆေးရုံကြီး တည်ရှိရာ ရပ်ကွက်တွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ရန်ကုန်ဆေးရုံကြီးသို့ သွားရောက် ဆေးကုသမှုခံယူရန် မလိုတော့ဘဲ ဤဆေးရုံကြီး၌ ဆေးကုသနိုင်ပါကြောင်း၊
- ယခင်က ဆေးရုံကြီးအား ခုတင်အဆင့်မြှင့်ထားသော်လည်း အဆောက်အဦများ ထပ်မံဆောက်လုပ် မပေးရသည့်အတွက် ဆရာဝန်၊ ဆရာမ၊ ကျွမ်းကျင်ပညာရှင်များအား လုံးအတွက် လုပ်ကိုင်သည့်နေရာတွင် အခက်

အခဲများရှိပါကြောင်း၊ လူနာများအနေဖြင့်လည်း အခက်အခဲဖြစ်သည့် အတွက် ယခု (၆)ထပ်ဆောင်သစ်ကြီးအား ဦးစားပေးအနေဖြင့် အမြန်ဆုံး အကောင်အထည်ဖော် ဆောက်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊

- ယခုလို ကုသဆောင်သစ်ကြီး ဖွင့်လှစ်နိုင်ရန် စတင်စီမံကိန်းရေးဆွဲစဉ်မှ ယခု ဖွင့်လှစ်သည်အထိ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသူများ အားလုံးကိုလည်း ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊
- ဒီဆေးရုံကြီး၏ မြေညီထပ်တွင် အစာအိမ်နှင့် အူလမ်းကြောင်းဆေးကုဌာန၊ ပထမထပ်တွင် ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းခွဲစိတ်ကုဌာန၊ ဒုတိယထပ်တွင် ဆီးနှင့်ကျောက်ကပ် ဆေးကုဌာန၊ တတိယထပ်နှင့် စတုတ္ထထပ်တို့တွင် ဆေးကုသဆောင်(၁)၊ (၂)တို့ရှိသည့်အပြင် ဆီးချို ရောဂါစစ်ဆေးကုသမှုစင်တာ (Diabetes Center)၊ စတုတ္ထထပ်တွင် ဆေးကုသဆောင် (၂) နှင့် ပဉ္စမထပ်တွင် ရင်ခေါင်းဆေးကုဆောင်တို့ဖြင့် ပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆေးကုသဆောင်သစ်ကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဘက်စုံပိုမို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေး စီမံခန့်ခွဲမှုများပြုလုပ်နိုင်ရန် လက်ထောက်ဆေးရုံအုပ်တစ်ဦးကို သီးခြားသတ်မှတ် တာဝန်ပေး၍ ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ Diabetes clinic ကိုလည်း စနစ်တကျ ပြုလုပ် စေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် Diabetes နှင့် Hypertension သည် အလွန်အဖြစ်များနေပါကြောင်း၊
- တစ်နိုင်ငံလုံးရှိ (၁၆)ခုတင် ဆေးရုံများမှ ခုတင်(၂၀၀၀)ဆံ့ ဆေးရုံများအထိ စုစုပေါင်း (၁,၁၄၄)ရုံရှိပြီး ဆေးရုံအသီးသီးအလိုက် ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲပံ့ပိုးမှုစနစ် (hospital internal logistic system)နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုစနစ် (work flow) တို့ ကောင်းမွန်စေရေးကိုလည်း စတင်သုံးသပ် ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊
- အဆိုပါ စနစ်များ ကောင်းမွန်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေချောမွေ့ခြင်း၊ အချိန်နှင့် ဘဏ္ဍာငွေ လေလွင့်ကုန်ကျမှု သက်သာခြင်း၊

လုပ်ငန်းဆောင်ရွက်မှု ပိုမိုအားကောင်းလာခြင်း စသည်ဖြင့် လူနာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ အားလုံးအတွက် အကျိုးရှိစေမည် ဖြစ်ပါကြောင်း၊

- ယခုလို လုပ်ခြင်းအားဖြင့် အချိန်နှင့် ဘဏ္ဍာငွေ လေလွင့်ကုန်ကျမှုများ သက်သာခြင်း၊ အရင်းအမြစ်များ ဆုံးရှုံးခြင်းများ လျော့နည်းသွားမည့်အပြင် လုပ်ငန်းဆောင်ရွက်မှု ပိုမိုအားကောင်းလာခြင်း၊ လူနာများနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ အားလုံးအတွက် အကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ ဆရာဝန်၊ ဆရာမ၊ ကျွမ်းကျင်းပညာရှင်များ၏ အလုပ်ဝန်ပိမှုများ ကျသွားနိုင်ပါကြောင်း၊
- ဆေးကုသဆောင်ကြီး ရေရှည်တည့်တံ့စေရေးလုပ်ငန်းများ၊ မွမ်းမံပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးရုံအထောက်အကူပြုအဖွဲ့၏ အခန်းကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊
- နိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံများ ပိုမိုကောင်းမွန် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆေးရုံအုပ်ကြီးနှင့် အုပ်ချုပ်စီမံခန့်ခွဲမှု တာဝန်ရှိသူများပါဝင်သော ဆွေးနွေးဖလှယ်ပွဲ တစ်ခုကျင်းပကာ အတွေ့အကြုံများ ဖလှယ်ခြင်း၊ အကြံပြုချက်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊
- လူနာများကို နေ့စဉ်လှည့်လည်ကြည့်ရှုပြီး စမ်းသပ်ကုသမှုပေး (ward round) ရာတွင် ပြောင်းလဲမှု မှတ်တမ်းများ (changes) ရေးမှတ်ခြင်းအား လက်ရှိ၌ စာရွက်စာတမ်းများကိုသာ အသုံးပြုဆောင်ရွက်နေရာမှ အီလက်ထရောနစ်စနစ်သုံး မှတ်တမ်းစနစ် ဆောင်ရွက်နိုင်ရေး စတင်စမ်းသပ် ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊
- ဆေးရုံကြီးများတွင် quick review ပြုလုပ်ရန်လိုပါကြောင်း၊ ဝန်ထမ်းများအား အလုပ်တာဝန် သတ်သတ်မှတ်မှတ် လိုအပ်ပါကြောင်း၊ ဆေးရုံအထောက်အကူပြု အဖွဲ့အနေဖြင့်လည်း ဆေးရုံများတွင် ဆေးဆိုင်၊ convenience store ဆိုင်၊ canteen တို့ကို ယခုထက် ပိုမိုကောင်းမွန် စနစ်ကျရန် ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးရုံများတွင် ဆေးဆိုင်များ ဖွင့်လှစ်

ထားပါက လူနာများ လိုအပ်သည့်ဆေးဝါးများကို အလွယ်တကူ ဝယ်ယူနိုင်ပါကြောင်း၊

- ထို့အပြင် လူနာများ ဆေးရုံမှ ဆင်းသည့်အခါ ရောဂါများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ရောဂါအလိုက် လိုက်နာကျင့်သုံး ဆောင်ရွက်ရန်အတွက် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို ပြုစု၍ ဖြန့်ဝေပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာ ပိုမိုတိုးတက်လာမည် ဖြစ်ပါကြောင်း၊
- လူနာများ၏ ရှူထောင့်မှ ဆေးရုံကြီးပိုမိုကောင်းမွန်စေရေး အကြံပြုချက်များကိုလည်းရယူသွား၍ လူနာများ၏ စိတ်ကျေနပ်နှစ်သက်မှု ယခုထက် ပိုမိုတိုးတက်ရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- လူနာများ၏ ရှူထောင့်မှ ဆေးရုံကြီး ပိုမိုကောင်းမွန်စေရေး အကြံပြုချက်များကိုလည်း ရယူသွားပြီး လူနာများ၏ စိတ်ကျေနပ် နှစ်သက်မှု ယခုထက် ပိုမိုတိုးတက်ရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- ဆေးရုံများတွင် ဓာတ်ခွဲအဖြေ ချက်ချင်းရရှိရန် လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများမှလွဲ၍ အချိန်ယူ ဆောင်ရွက်ရမည့် ဓာတ်ခွဲစမ်းသပ်မှုများကို ဗဟို ဓာတ်ခွဲခန်း (Central Laboratory) တစ်ခုကို တည်ထောင်၍ ခေတ်မီသတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာနှင့် တွဲဖက်အသုံးပြု ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊
- ထိုသို့ဆောင်ရွက်မှသာ ဓာတ်ခွဲစမ်းသပ်မှု ပစ္စည်းများ လေလွင့်မှုကို လျော့ချနိုင်ခြင်း၊ နည်းပါးသည့် ဓာတ်ခွဲပညာရှင်များ၏ အင်အားကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ခြင်း၊ ခေတ်မီ ဓာတ်ခွဲစမ်းသပ် စက်ကိရိယာများကို တစ်စုတစ်စည်းတည်းဖြင့် အသုံးချဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊
- မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံစနစ် မရှိသေးသဖြင့် ရေရှည်တွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ကျန်းမာရေးစနစ်တစ်ခု စနစ်တကျ ပေါ်ပေါက်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊

- ဆေးရုံကြီး ဘက်စုံပိုမို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ အားလုံးမှ မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် သဘောထား၍ ဝိုင်းဝန်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။
- Hospital logistic system ကို အသုံးပြုပြီး မိမိတို့ framework နှင့် format ချ၍ ဆောင်ရွက်စေလိုပါကြောင်း၊ ဒါမှသာလျှင် ဆေးရုံအားလုံး၏ စွမ်းဆောင်မှု efficiency တက်လာမည်ဖြစ်ပါကြောင်း၊
- Hospital logistic system သည့် အရေးကြီးသည့် domain ကြီး တစ်ခု ဖြစ်သည့်အတွက် Master of hospital administration course တွင် ထည့်သွင်းစေလိုပါကြောင်း၊ ဆရာဝန်၊ ဆရာမ၊ ကျွမ်းကျင်ဝန်ထမ်း တွေကို အရည်အသွေးမြင့်မားအောင် အများကြီး ဆောင်ရွက်နေပါကြောင်း၊
- ဒီဆေးရုံကြီးတွင် speciality (၂၁) ခုရှိပြီး ခုတင်(၅၀၀)ဆေးရုံ၌ (၂၇)ခု အထူးပြုဘာသာရပ် ပါရှိပါမည်ဖြစ်ကြောင်း၊ ဒီဆေးရုံကြီးသည် ဆေးတက္ကသိုလ် (၂)၏ သင်ကြားရေးဆေးရုံကြီး ဖြစ်သည့်အပြင် သူနာပြုဒီပလိုမာ (၃)နှစ် သင်တန်းကျောင်းအတွက်လည်း သင်ကြားရေးဆေးရုံကြီးဖြစ်သည့် အတွက် အလွန်အရေးကြီးပါကြောင်း၊
- ဆေးရုံကြီး၏ ဝန်ထမ်းအင်အား (၆၁၂)ဦးရှိပြီး ဆရာဝန် (၁၂၉)ဦး၊ သူနာပြု (၉၆)ဦး၊ ကျွမ်းကျင်ပညာရှင် (၇၁)ဦး၊ အခြားဝန်ထမ်း (၁၁၂) ဦးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်ကို တွေ့ရှိရပါကြောင်း၊
- နိဂုံးချုပ်အနေဖြင့် ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးရသည့် ကျန်းမာရေးဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆေးရုံကြီး၏ လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ အဆင်ပြေစေရန် ကိုယ်စွမ်း ရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်နေပါကြောင်း ပြောကြားခဲ့ပါသည်။